ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# သတင်းထုတ်ပြန်ချက်

## ၀၁ / ၂၀၁၅

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်

၁။ ပြည်ထောင်စုကို သန္နိဋ္ဌာန်ပြုခဲ့သည့် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုနေ့ သမိုင်းဝင်နေ့ထူးနေ့မြတ်၌ လက်ရှိပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်အား အထောက်အကူပြုစေရန်အလို့ငှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းအား အမြန်ဆုံး လက်စသတ်၍ အတည်ပြု လက်မှတ်ရေးထိုးနိုင်ရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပ၍ တိုင်းပြည်၏အခြေခံနိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ အဖြေရှာနိုင်ရန်အတွက် မိမိတို့ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) မှ လိုလားပါသည်။

၂။ ထို့ကြောင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့စွဲဖြင့် UNFC ၏ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးအင်ဘန်လအနေဖြင့် သမ္မတဦးသိန်းစိန်ထံသို့ အဆိုပြုကမ်းလှမ်းစာ ပေးပို့ခဲ့ပါသည်။ သမ္မတ၏မှတ်ချက်ဖြင့် ပြန်ကြားစာကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းမှတဆင့် လက်ခံရရှိခဲ့ပါသည်။

၃။ ထို့နောက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၅-၆)ရက်နေ့များတွင် ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း ဦးဆောင်သောအဖွဲ့နှင့် UNFC မှ နိုင်ဟံသာဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ နှစ်ဘက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

၄။ အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲများတွင် မိမိတို့ UNFC မှ လိုလားသော သမ္မတဦးသိန်းစိန်၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့ လစဉ်ရေဒီယိုမိန့်ခွန်းပါ ***"ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး နိုင်ငံရေးသဘောတူညီချက်"*** ပါအချက်ကို အခြေခံ၍ ကတိကဝတ်ပြု လက်မှတ်ရေးထိုးနိုင်ရန် အဆိုပြုမှုကို ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းထံသို့ တရားဝင် ပေးအပ်ခဲ့ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ(UPWC)ဘက်မှလည်း ၎င်းတို့၏အဆိုပြုမှုကို ပြန်လည်ပေးအပ်ခဲ့ပါသည်။

၅။ နှစ်ဘက်အဆိုပြုချက်မူများမှာ ကွဲလွဲနေသည့်အတွက် ပြည်ထောင်စုနေ့မတိုင်မီ ထပ်မံညှိနှိုင်းကြရန် သဘောတူနားလည်မှု ရရှိခဲ့ကြပါသည်။ ထို့ကြောင့် မိမိတို့ UNFC အနေဖြင့် ကိုယ်စားလှယ်အဖွဲ့ စေလွှတ်၍ တခြားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များအပါအဝင် UPWC နှင့်အတူတကွ နေပြည်တော်၌ ဆက်လက်ညှိနှိုင်းကြရန် (၉ ၊ ၂ ၊ ၂၀၁၅)ရက်နေ့တွင် UPWC သို့ တရားဝင် အကြောင်းကြားကာ ပြင်ဆင်မှုများပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် UNFC ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဆက်လက်ညှိနှိုင်းမည်ကို UPWC ဘက်မှ လက်မခံခဲ့ပေ။

၆။ နှစ်ဘက်အဆိုပြုမှုများ၏ ဘုံဦးတည်ချက်သည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်အား အထောက်အကူပြုစေပြီး၊ အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရေးမှတဆင့် နိုင်ငံရေးဆွေးနွေးပွဲများသို့ တက်လှမ်းနိုင်ရေးပင် ဖြစ်သည်။ ထို့အပြင် ယုံကြည်မှုတည်ဆောက်ရေးနှင့်လည်း တိုက်ရိုက်ဆက်စပ်ပတ်သက်မှု ရှိနေသောကြောင့် နိုင်ငံရေးအရ အာမခံချက် လစ်ဟာမှုရှိနေခြင်းအပေါ် မိမိတို့ဘက်မှ လက်မှတ်ရေးထိုးရန်စာသားကို အောက်ပါအတိုင်းအဆိုပြု တင်ပြထားကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

*"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက် အပြည့်အဝရှိသည့်အမျိုးသားပြည်နယ်များကို အခြေခံ၍ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် သဘောတူကြသည်။ အဆိုပါသဘောတူညီမှုနှင့်အညီ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော် ကြိုးပမ်းသွားကြရန် အခိုင်အမာ သံန္နိဋ္ဌာန်ပြုကြပါသည်။"*

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


**ဆက်သွယ်ရန်**

| | | |
|---|---|---|
| *နိုင်ဟံသာ* | *- ဒုတိယဥက္ကဋ္ဌ (၁)* | *ဖုန်း - +66(0)80-503-0849* |
| *ခူဦးရယ်* | *- အထွေထွေအတွင်းရေးမှူး* | *ဖုန်း - +66(0)84-805-1344* |